# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

## e-Newsletter

Vol.2 No.3 March

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၃ ခုနှစ်၊ လုပ်ငန်းစီမံချက် ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အပြီးသတ်ညှိနှိုင်း အစည်းအဝေး ကျင်းပခြင်း



ဖေဖော်ဝါရီလ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၃ ခုနှစ်၊ လုပ်ငန်းစီမံချက် ပုံနှိပ်ထုတ်ဝေနိုင်ရေး အတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ၂၈-၂-၂၀၂၃ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် ကျင်းပခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် လုပ်ငန်း စီမံချက် (၂၀၂၃ ခုနှစ်) နှင့်စပ်လျဉ်း၍ ကော်မရှင်ရုံး၏ ဌာနတစ်ခုချင်းအလိုက် ၂၀၂၃ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ရေးဆွဲထားသည့် လုပ်ငန်းလျာထားချက်များအပေါ် လိုအပ်သည့် ပြင်ဆင်/ ဖြည့်စွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

---

## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးများကျင်းပခြင်း



ဖေဖော်ဝါရီလ ၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ကို ၂၇-၂-၂၀၂၃ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊

ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။ ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ကို ၈-၂-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊  ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

---

## ရွှေသံလွင်ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း



ဖေဖော်ဝါရီလ ၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်ဦးကျော်စိုးနှင့် ဒေါက်တာ သန်းမြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၃-၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရွှေသံလွင်ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာ ကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးမှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များနှင့် အဆောက်အဦများတွင် သက်ကြီးရွယ်အိုများ နေထိုင်မှုအခြေအနေ၊ အဆောက်အဦများအတွင်း အဆင်ပြေ လွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရန်နှင့် အပန်းဖြေအနားယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု ရှိ မရှိ အခြေအနေစသည့် အခြေခံ လူ့အခွင့်အရေးများ ရရှိခြင်း ရှိ မရှိ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရိပ်သာ၌ လက်ခံစောင့်ရှောက်ထားသော အဘိုးအဘွား စုစုပေါင်း ၇၂ ဦးအား နွေးထွေးပျူငှာစွာ အားပေးစကားများ ပြောကြားခဲ့ပါသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ရွှေသံလွင်ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။



## မသန်စွမ်းသက်ငယ် သင်တန်းကျောင်း၊ မသန်စွမ်းသက်ကြီး သင်တန်းကျောင်း၊ မသန်စွမ်း ကလေးများ ပြုစု စောင့်ရှောက်ရေးဂေဟာနှင့် ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခြင်း



ဖေဖော်ဝါရီလ ၁၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာ သန်းမြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၇-၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်း မြို့နယ်ရှိ မသန်စွမ်းသက်ငယ် သင်တန်းကျောင်း၊ မသန်စွမ်းသက်ကြီး သင်တန်းကျောင်း၊ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာနှင့် ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် သင်တန်းကျောင်းများအတွင်း လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော လူငယ်များနှင့် မသန်စွမ်းကလေးသူငယ်များအား ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေ၊ အစားအစာ ကျွေးမွေးမှု အခြေအနေ၊ အိပ်ဆောင်များထားရှိမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံ လူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ မသန်စွမ်းကျောင်းများနှင့် လူငယ်သင်တန်းကျောင်း တို့အား ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည် ဖြစ်ပါသည်။



---

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒိုက်ဦးအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း




ဖေဖော်ဝါရီလ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၄-၂-၂၀၂၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒိုက်ဦး ဇဟိုအကျဉ်းထောင်သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အိပ်ဆောင်များတွင် အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊

ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရ ထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်း တင်ခဲ့ပါသည်။




အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့ပြင် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၁၀၀ အုပ်တို့ကို ကော်မရှင်မှ ဒိုက်ဦးဗဟိုအကျဉ်းထောင်ကို လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိမှ လက်ခံရယူ ခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

---

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ



ဖေဖော်ဝါရီလ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်း မျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင်ဆောင်ရွက် လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့် နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း တို့က ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ် (၇) သို့ ၂၄-၂-၂၀၂၃ ရက်နေ့၊ ၀၉:၀၀ နာရီ အချိန်မှ ၁၅:၅၅ နာရီ အချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က



လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့ အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ

အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက နိုင်ငံတော်နှင့်ပြည်သူ့တာဝန်၊ ကုလသမဂ္ဂလူ့အခွင့်အရေး ယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်စသည့် ဘာသာရပ်များကိုလည်းကောင်း သင်ခန်းစာများအသီးသီးပို့ချခဲ့ကြရာ စုစုပေါင်း သင်တန်းသားဦးရေ (၁၇) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့က ပြန်လည်ဖြေကြားခဲ့ကြပါသည်။

---

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် Video Conferencing System ဖြင့်သင်ခန်းစာပို့ချ




ဖေဖော်ဝါရီလ ၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၀၄) သို့ ၈-၂-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်ထိ Video Conferencing System ဖြင့် သင်ခန်းစာများ ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူ အဆများနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း၊ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်းကိုလည်းကောင်း စသည့် ဘာသာရပ် သင်ခန်းစာများအသီးသီး ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူး သင်တန်း အမှတ်စဉ် (၁၀၄) ၌ သင်တန်းသားဦးရေ (၅၇) ဦး တက်ရောက်ခဲ့ကြပါသည်။




---

"The rights of every man are diminished when the rights of one man are threatened."

"လူတစ်ဦးတစ်ယောက်၏ အခွင့်အရေးများ ခြိမ်းခြောက်ခံရသောအခါ လူတိုင်း၏ အခွင့်အရေးများ လျော့နည်းသွားသည်။"

John F.Kennedy (1917 – 1963)

## (၇၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပ ပြီးစီးခဲ့မှုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း အစည်းအဝေး

ဖေဖော်ဝါရီလ ၁၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးချုပ် (ရန်ကုန်) ရှိ Conference Room တွင် ၁၃-၂-၂၀၂၃ ရက်နေ့ (၁၀:၀၀) နာရီအချိန်တွင် (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးခဲ့မှုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့် ဒေါက်တာသန်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး လူ့အခွင့်အရေးနေ့ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးကြပြီး လာမည့် (၇၅)နှစ်မြောက် စိန်ရတုလူ့အခွင့်အရေးနေ့အတွက် နည်းလမ်းများကိုရယူနိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။

---

## Online Meeting လုပ်ငန်းစဉ်များ လိုက်နာဆောင်ရွက်ရေးကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ ပြုလုပ်ခြင်း




ဖေဖော်ဝါရီလ ၁၆ ရက်

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် (ကြာသပတေး) နေ့လယ် ၁၃:၀၀ နာရီတွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပပြုလုပ်သော Online Meeting လုပ်ငန်းစဉ်များ လိုက်နာဆောင်ရွက်ရေးကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ရာ e-Government လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မောင်မောင်သန်း၊ e-Government လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားသူအဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် e-Government လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်က Online Meeting ဖြင့် အစည်းအဝေး ပြုလုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ (SOP for Online Meeting) အား လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် e-Government လုပ်ငန်းကော်မတီအဖွဲ့ဝင်များက Online Meeting ပြုလုပ်သည့်အခါတွင် Security အပိုင်းနှင့် ပတ်သက်သည့် ဆောင်ရွက်ရမည့် ကိစ္စရပ်များအား တင်ပြဆွေးနွေးခဲ့ကြရာ e-Government လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့က Security နှင့် စပ်လျဉ်း၍ ပိုမိုလုပ်ဆောင်ရမည့် အချက်များကို ပြောကြားခဲ့ပြီး အစည်းအဝေးအား နေ့လယ် ၁၅:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး၊ ဘုရင့်နောင်) တို့တွင် Video Conferencing System ဖြင့် သင်ခန်းစာပို့ချ



ဖေဖော်ဝါရီလ ၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းနှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက် ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူး သင်တန်း အမှတ်စဉ် (၂၁၅) နှင့် တပ်မတော် (ကြည်း) တိုက်ခိုက် ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲ မှူးသင်တန်း အမှတ်စဉ် (၈၃) နှင့် အမှတ်စဉ် (၈၄) တို့ကို ၈-၂-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်ထိ Video Conferencing System ဖြင့် သင်ခန်းစာများ ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက လူ့အခွင့်အရေး အခြေခံအယူအဆများ အကြောင်းကိုလည်းကောင်း၊ ညွှန်ကြား ရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းစသည့် ဘာသာရပ် သင်ခန်းစာများ အသီးသီး ပို့ချခဲ့ပါသည်။ တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၁၅) ၌ သင်တန်းသားဦးရေ (၁၂၄) ဦးနှင့် တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)၊ ခြေလျင်တပ်ခွဲမှူး သင်တန်း အမှတ်စဉ် (၈၃) နှင့် အမှတ်စဉ် (၈၄) ၌ သင်တန်းသားဦးရေ (၂၄၂) ဦး စုစုပေါင်း သင်တန်းသားဦးရေ (၃၆၆) ဦး တက်ရောက်ခဲ့ကြပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) တို့ တွေ့ဆုံဆွေးနွေးခြင်း



ဖေဖော်ဝါရီလ ၁၆ ရက်

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) မှ Protection Coordinator ဖြစ်သူ Ms. Loanna Voudouri က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မိတ်ဆက်တွေ့ဆုံခွင့် တောင်းခံလာခြင်းနှင့်

စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းနှင့် ကော်မရှင်ရုံး၊ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့၊ နံနက် (၁၀:၀၀)နာရီ အချိန်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ အစည်းအဝေး ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံရာတွင် ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကော်မရှင်၏ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများသို့ ကြည့်ရှုစစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြပါသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအစည်းအဝေး (၁/၂၀၂၃) သို့ တက်ရောက်ခြင်း

ဖေဖော်ဝါရီလ ၂ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂-၂-၂၀၂၃ ရက်နေ့တွင် နေပြည်တော် ဝန်ကြီးရုံးစုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အစည်းအဝေး (၁/၂၀၂၃) သို့ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် တက်ရောက်ခဲ့ပါသည်။

## သက်ကြီးပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း

ဖေဖော်ဝါရီလ ၂၇ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၇-၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်မြို့ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာ၌ ကျင်းပပြုလုပ်သည့် သက်ကြီးပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် တက်ရောက်ခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ကော်မရှင်အဖွဲ့ဝင်မှ တွေ့ဆုံခြင်း



ဖေဖော်ဝါရီလ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မကွေးဗဟိုအကျဉ်းထောင်နှင့် မကွေးမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်အတွင်း ၁၄-၂-၂၀၂၃ ရက်နေ့ နံနက်ပိုင်း၌ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးတင့်လွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားတွေ့ဆုံ၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများမှ ကော်မရှင်သို့ ပေးပို့တိုင်ကြားလာသော တိုင်တန်းချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကော်မရှင်မှ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ထောင်၊ ရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးမှု အခြေအနေများ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ကော်မရှင်မှ ဆောင်ရွက်နေမှုများကို တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) နှင့် ကော်မရှင်လက်ကမ်းစာစောင်များအား ပေးအပ်ခဲ့ပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ မကွေးဗဟိုအကျဉ်းထောင်နှင့် မကွေးမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



ဖေဖော်ဝါရီလ ၁၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၁၃-၂-၂၀၂၃ ရက်နေ့နှင့် ၁၄-၂-၂၀၂၃ ရက်နေ့များ တွင် မကွေးဗဟို အကျဉ်းထောင်နှင့် မကွေးမြို့ပေါ်ရှိ ရဲစခန်း အချုပ်ခန်းတို့ကို သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဗဟိုအကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အိပ်ဆောင်များတွင် အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း၊ ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသားတစ်ဦး ၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဗဟိုအကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင်မိလ္လာများ သန့်ရှင်းမှု ရှိ မရှိနှင့် Quarantine အဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၁၀၀ အုပ်တို့ကို ကော်မရှင်မှ မကွေးဗဟိုအကျဉ်းထောင်ကို လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

---

## အစည်းအဝေးများတက်ရောက်ခြင်း

ဖေဖော်ဝါရီလ ၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် ဌာနတာဝန်ရှိသူများနှင့်အတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကျင်းပပြုလုပ်သော ၂၀၂၃-၂၀၂၄ ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေးသို့ ၁-၂-၂၀၂၃ ရက်နေ့နှင့် နိုင်ငံခြားငွေလဲလှယ်ရေး ညှိနှိုင်းအစည်းအဝေးသို့ ၁၅-၂-၂၀၂၃ ရက်တို့တွင်လည်းကောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ AUREUM PALACE Hotel ကျင်းပပြုလုပ်သည့် အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း Phase 2 ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ၂၄-၂- ၂၀၂၃ ရက်နေ့တွင်လည်းကောင်း တက်ရောက်ခဲ့ပါသည်။

# တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်တန်းချက် (၂၄) စောင် လက်ခံရရှိခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၄) စောင်ကို လိုအပ်သလို စိစစ် ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ လည်းကောင်း ၊ တိုင်တန်းချက် (၁) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၁၅) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရ လည်းကောင်း၊ တိုင်စာ အင်္ဂါရပ်နှင့် မညီညွတ်၍ လည်းကောင်း မှတ်တမ်းထားရှိပါသည်။ ဇန်နဝါရီလတွင် တိုင်တန်းချက် လက်ကျန် ၄ စောင် ရှိပါသည်။

---

## ဝန်ထမ်းရေးရာ အကြံပေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၃) ကျင်းပခြင်း

ဖေဖော်ဝါရီလ ၁၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ ဝန်ထမ်းရေးရာ အကြံပေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၃) ကော်မရှင်ရုံးချုပ် (ရန်ကုန်) ရှိ Conference Room တွင် ၁၃-၂-၂၀၂၃ ရက်နေ့ (၁၀:၀၀) နာရီတွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးကို ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်ကျင်းပခဲ့ပြီး ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံ ညွှန်ကြားရေးမှူး (၅) ဦးနှင့် ဒုတိယညွှန်ကြားရေးမှူး (၁) ဦး စုစုပေါင်း (၈) ဦး တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ခန့်အပ်မည့် ဒုတိယလူ့အခွင့်အရေး ဦးစီးမှူး (၈) ဦး၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ခန့်အပ်မည့် ဒုတိယလူ့အခွင့်အရေးဦးစီးမှူး (၅) ဦးနှင့် အခြားသော ဝန်ထမ်းရေးရာကိစ္စများ ဆွေးနွေးခဲ့ပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



ဖေဖော်ဝါရီလ ၂ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ ဖွင့်လှစ်လျက်ရှိသော တိုက်ပွဲဝင် စည်းရုံးရေး(အရာရှိ) သင်တန်းအမှတ်စဉ် (၂/၂၀၂၂)နှင့် အမှုစစ်(အရာရှိ) သင်တန်းအမှတ်စဉ် (၇၆/၂၀၂၂) တို့ကို ၂-၂-၂၀၂၃ ရက်နေ့၊ နံနက် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လည်းကောင်း၊ မှုခင်းမှတ်တမ်းအရာရှိသင်တန်းအမှတ်စဉ် (၁၇/၂၀၂၃) ကို မွန်းလွဲ ၁၂:၃၀ နာရီမှ ၁၄:၅၀ နာရီအချိန်အထိ လည်းကောင်း လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းများတွင် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အကြောင်းသိကောင်းစရာ စသည့်သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းများတွင် စုစုပေါင်း သင်တန်းသားဦးရေ (၂၄၉) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ပြန်လည်ဖြေကြားခဲ့ပါသည်။



---

## စစ်ဦးစီးတက္ကသိုလ် (ကလော) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



ဖေဖော်ဝါရီလ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် စစ်ဦးစီးတက္ကသိုလ် (ကလော) တွင် ဖွင့်လှစ်လျက်ရှိသော စစ်ဦးစီးတက္ကသိုလ်သင်တန်း၊ အမှတ်စဉ် (၇၀) ၌ ၁၅-၂-၂၀၂၂ ရက်နေ့ ၀၇:၄၀ နာရီအချိန်မှ ၀၉:၀၅ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ ဖွဲ့စည်းခြင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချခဲ့ပါသည်။ သင်တန်းတွင်

သင်တန်းသားအရာရှိ စုစုပေါင်း (၂၇၆) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်း သားအရာရှိကြီးများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာခဲ့ကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြပါသည်။

---

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ







ဖေဖော်ဝါရီလ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင် ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်တို့က အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၂၀) သို့ ၂၄-၂-၂၀၂၃ ရက်နေ့၊ ၀၉:၀၀ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်က လူ့အခွင့်အရေးအခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးက နိုင်ငံတော်နှင့် ပြည်သူ့တာဝန်၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်စသည့် ဘာသာရပ်များကိုလည်းကောင်း သင်ခန်းစာများ အသီးသီးပို့ချခဲ့ကြရာ စုစုပေါင်းသင်တန်းသားဦးရေ (၃၆) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်တို့က ပြန်လည်ဖြေကြားခဲ့ကြပါသည်။

---

## ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်း

ဖေဖော်ဝါရီလ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ရုံးချုပ် (ရန်ကုန်) တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း/ အမှုထမ်းများအား ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေး စတုတ္ထအကြိမ်မြောက် (Booster Dose) ထိုးနှံခြင်းအား လှိုင်မြို့နယ်၊ ဒေသန္တရကျန်းမာရေးဦးစီးဌာန၌ ၂၄-၂-၂၀၂၃ ရက်နေ့တွင် ထိုးနှံခြင်းဆောင်ရွက်ခဲ့ရာ ထပ်ဆောင်းကာကွယ်ဆေး တတိယအကြိမ်မြောက် (Booster Dose) ထိုးနှံမှု ၆ လ ပြည့်သည့် ဝန်ထမ်း (၂၇) ဦး ထိုးနှံခဲ့ကြပြီး ကျန်ရှိသည့် အရာထမ်း/အမှုထမ်းများအား ဆက်လက်ထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး ဦးစီးယာဉ်များနှင့် အုပ်ချုပ်မှုယာဉ်များအား မော်တော်ယာဉ်ကြံ့ခိုင်မှု စစ်ဆေးခြင်း



ဖေဖော်ဝါရီလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ မော်တော်ယာဉ်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်လွင် ဦးဆောင်၍ အဖွဲ့ဝင် (၅) ဦး ပါဝင်သော မော်တော်ယာဉ် ကြံ့ခိုင်မှု စစ်ဆေးရေးအဖွဲ့သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့များတွင် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးအထိ ဦးစီးယာဉ်များ၊ အုပ်ချုပ်မှု ယာဉ်များနှင့် ဝန်ထမ်းကြို/ပို့ ယာဉ်များ၏ ယာဉ်တစ်စီးချင်းအလိုက် ယင်းတို့၏ ကြံ့ခိုင်မှုစစ်ဆေးခြင်းကို အသေးစိတ် စစ်ဆေးခဲ့ပါသည်။

မော်တော်ယာဉ်ကြံ့ခိုင်ရေးစစ်ဆေးမှုများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း (၄)လ (၁) ကြိမ် စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။



# ကာတွန်းကဏ္ဍ



# ကဗျာကဏ္ဍ

## “တန်းတူညီမျှ အမျိုးသမီးဘဝ”

“မ” ဟု၊ “ကျား” ဟု
ခွဲခြားမှုကင်း၊ တူညီခြင်းမှု
တန်းတူဆက်ဆံ
နိုင်ငံရေးနှင့်စီးပွားရေး။

“မ” ဟု၊ “ကျား” ဟု
ခွဲခြားမှုကင်း၊ တူညီခြင်းမှု
တန်းတူမကွာ
ပညာရေးနှင့် ကျန်းမာရေး။

“မ” ဟု၊ “ကျား” ဟု
ခွဲခြားမှုကင်း၊ တူညီခြင်းမှု
တန်းတူညီစွာ
ဘာသာရေးနှင့် လူမှုရေး။

ထိုသို့တန်းတူ၊ အခွင့်တူမှ
လူချင်းတွဲဆက်၊ ညီညာလက်ဖြင့်
ထပ်ထပ်လုံခြုံ ကုံလုံစေမှ
လှပပွင့်ဆန်း၊ ပန်းနှယ်လန်း၍
ဆင်မြန်းကျက်သရေ၊ တက်ဝေဖွံ့ဖြိုး
အမျိုးသမီးဘဝ
ညီမျှသာယာ၊ ပြည်မြန်မာ။
လုံခြုံမေတ္တာ၊ တစ်သက်တာ။
ငြိမ်းချမ်းဝေဆာ၊ ဤကမ္ဘာ။

စီနောင် (စကားဝါမြေ)

# ENGLISH SECTION

## MNHRC Gives Human Rights Lecture at the Civil Service Academy (Lower Myanmar)



February 24

Myanmar National Human Rights Commission is striving for promoting public awareness of human rights through the provision of information and education by all means as much as possible under Section 22 (a) of the Myanmar National Human Rights Commission Law and is also gearing itself up for more activities of human rights promotion and education on the 75th anniversary of Universal Declaration of Human Rights.

Dr. Than Myint, the Commissioner and Dr. Khine Khine Win, the Deputy Director–General gave lectures on human rights at the Management Course for Executive Level Officials (No.7) held at the Civil Service Academy (Lower Myanmar) on 24 February 2023 from 09:00 am to 3:55 pm. In so doing, Commissioner, Dr.Than Myint gave the lectures on Human Rights Concept, Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission and its Activities, Deputy Director–General, Dr. Khine Khine Win, also delivered the lectures on State Obligations and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review (UPR).

After that the lecturers answered the questions asked by the trainees. A total of 17 Deputy Director–General from the departments attended as trainees the above–mentioned course.



## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School




February 8


As part of the Commission's promotion of human rights awareness under section 22 (a) of the Myanmar National Human Rights Commission Law, Dr. Than Myint, the Commissioner, and U Myo Naing, the Deputy Director of the Commission office gave lectures on human rights via video conferencing at the Battalion Commander Training Course (No.104) held at Myanmar Army Combat

Force School (Bahtoo) on 8 February 2023 from 12:00 pm to 3:00 pm.

In so doing, Commissioner Dr. Than Myint delivered the lectures on Human Rights Concept and the Organization and Functions of Myanmar National Human Rights Commission, Deputy Director U Myo Naing gave the lectures on Universal Declaration of Human Rights. A total of 57 army officers attended the above-mentioned course.




# MNHRC Gives Human Rights Lecture at Myanmar Army Combat Force Schools



to 3:00 pm.

Commissioner Dr. Tin Maung Maung Than delivered the lecture on Human Rights Concept and Director U Zaw Lwin Htoo gave the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 366 army officers attended the above-mentioned courses; 124 Officers on the Company Commander Training Course on (No.215) Bahtoo and 242 Officers on (No.83 and No.84) Bayintnaung.

February 8

As part of the Commission's promotion of human rights awareness under section 22 (a) of the Myanmar National Human Rights Commission Law, Dr. Tin Maung Maung Than, the Commissioner and U Zaw Lwin Htoo, the Director of the commission office simultaneously gave lectures on human rights via video conferencing at the Company Commander Training Course (No.215) held at Myanmar Army Combat Force School (Bahtoo) and the Courses (No.83 and No.84) at MACFS (Bayintnaung) on 8 February 2023 from 12:00 pm



# MNHRC Gives Human Rights Lecture at Police Officer Training School (Mandalay)



February 2

As part of the human rights promotion and education activities of Myanmar National Human Rights Commission, U Phone Kywel, Director General gave the lectures on human rights at the Combatant Organization Officer Course (No.2/2022) and Investigation Officer Course (76/2022), Criminal Records Officer Course (No.17/2022), held at Police Officer Training School (Mandalay) on 2 February 2023 from 7:30 am to 9:50 am and 12:30 pm to 2:50 pm.

Director General U Phone Kywel gave lectures on the Organization and Functions of Myanmar National Human Rights Commission and related issues on Promotion and Protection of Human Rights. After that, the lecturer answered the questions asked by the trainees. A total of 249 police officers attended the above-mentioned courses.



# MNHRC Gives Human Rights Lecture at the Command and General Staff College (Kalaw)



February 15


As part of the Commission's promotion of human rights awareness under section 22 (a) of the Myanmar National Human Rights Commission Law, Dr. Khine Khine Win, the Deputy Director-General gave lecture on human rights at the Command and General Staff Course (No.70) held at the Command and General Staff College (Kalaw) on 15 February 2023 from 07:40 am to 09:05 am. In so doing, Deputy Director-General, Dr. Khine Khine Win delivered a lecture on Organization and functions of Myanmar National Human Rights Commission and Human Right Concept. After that the lecturer answered the questions asked by the trainees. A total of 276 senior army officers attended the above-mentioned course.

# MNHRC Gives Human Rights Lecture at the Civil Service Academy (Lower Myanmar)




February 24

As part of the Commission's promotion of human rights awareness under section 22 (a) of the Myanmar National Human Rights Commission Law, U Akar Hein Soe, the Director and U Myo Naing, the Deputy Director gave the lectures on human rights at the Management Course for Senior Level Officials (No.20) held at the Civil Service Academy (Lower Myanmar) on 24 February 2023 from 09:00 am to 3:55 pm. In so doing, Deputy Director, U Myo Naing gave the lectures on Human Rights Concept, Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission, Director, U Akar Hein Soe also delivered the lectures on State Obligations and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review (UPR). After that the lecturers answered the questions asked by the trainees. A total of 36 directors from the departments attended as trainees on above-mentioned course.



# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁၆၅၄၆၇၀

website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်။
ဖုန်း– ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း–၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း–၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**

အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း– ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm